# မြန်မာ : အာဏာသိမ်းခြင်းအားရပ်တန့်ပေးရန်၊ ရွေးကောက်ပွဲခုံရုံးများအား ၎င်းတို့၏လုပ်ငန်းတာဝန်များကို လုပ်ဆောင်ခွင့်ပြုရန်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်
ချက်ချင်းထုတ်ပြန်ရန်

ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာ့စစ်တပ် (တပ်မတော်) က ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့၌ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကြီးတွင် မဲမသမာမှုများပြုလုပ်သည်ဟု စွပ်စွဲအကြောင်းပြကာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဦးဝင်းမြင့်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းတို့အပါအဝင် များစွာသောအစိုးရအရာရှိများ၊ ဒီမိုကရေစီအရေး ဦးဆောင်သော တက်ကြွလှုပ်ရှားကြသူများ၊ အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားသောပါတီများက နိုင်ငံရေးသမားများအား ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။

ဖမ်းဆီးထိန်းသိမ်းပြီးနောက်ပိုင်းတွင် တပ်မတော်က အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ် တစ်နှစ် ကြေညာလိုက်ကြောင်းနှင့် ဒုသမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသော အငြိမ်းစားဗိုလ်ချုပ် ဦးမြင့်ဆွေအား ယာယီသမ္မတအဖြစ်ခန့်အပ်ကြောင်းတို့ကို ထုတ်ပြန် ကြေညာခဲ့သည်။ နိုင်ငံတော်၏အရေးပေါ်ကာလ ပြီးဆုံးသည့်အချိန်တွင် ရွေးကောက်ပွဲကော်မရှင်အသစ်က ရွေးကောက်ပွဲများ ထပ်မံကျင်းပပေးမည်ဖြစ်ကြောင်းလည်း ကြေညာခဲ့ပြီးနောက် ယင်းကော်မရှင်အသစ်ကို ဖေဖော်ဝါရီလ (၂) ညတွင် ဖွဲ့စည်းခဲ့သည်။

အောက်တွင် လက်မှတ်ရေးထိုးထားသော ရွေးကောက်ပွဲများ (သို့မဟုတ်) လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့် လေ့လာရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် တပ်မတော်ကအာဏာသိမ်းခြင်းအားရှုတ်ချပြီး ဖမ်းဆီးထိန်းသိမ်းထားသော နိုင်ငံရေးသမားများ၊ အစိုးရအရာရှိများနှင့်တက်ကြွလှုပ်ရှားသူ အားလုံးအား ချက်ချင်းလွှတ်ပေးရန် တောင်းဆိုလိုက်သည်။ တပ်မတော်သည် အရပ်သားဦးဆောင်သောအစိုးရထံသို့ အာဏာ ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်း များကတဆင့် ရွေးကောက်ပွဲဆိုင်ရာတိုင်ကြားမှုများကို ပြန်လည်ဖြေရှင်း၍အဖြေရှာကြရမည် ဖြစ်သည်။

အမှန်စင်စစ်အားဖြင့် မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများသည် ရွေးကောက်ပွဲ ခုံရုံးများဖွဲ့စည်းပြီး အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် ယန္တရားတစ်ခု ထောက်ပံ့ပေးထားပါသည်။ မကြာသေးမီကကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲကြီးတွင် တပ်မတော်၏ကျောထောက်နောက်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) သည် ရွေးကောက်ပွဲမဲရလဒ်မသမာမှုများနှင့် ပုံမှန်မဟုတ်သော ကိစ္စရပ်များရှိခဲ့သည်ဟု ကြိမ်ဖန်များစွာ အခိုင်အမာဆိုခဲ့သည်။ ၎င်းပါတီမှာ အခြားသော ရွေးကောက်ပွဲတွင် ဆက်စပ်ပတ်သက်သူများနည်းတူ ဥပဒေကြောင်းအရ ရွေးကောက်ပွဲရလဒ်များကို တရားဝင် ခုခံပြောဆိုပိုင်ခွင့်ရှိပါသည်။ သို့ဖြစ်ပါ၍လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ပေးပို့လာသော တိုင်ကြားမှုပေါင်း (၂၈၇) မှုအနက် (၁၇၄) မှုအား USDP က တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများသည် ရွေးကောက်ပွဲခုံရုံး လုပ်ငန်းစဉ်များ ကတဆင့် ရွေးကောက်ပွဲဆိုင်ရာတိုင်ကြားမှုများနှင့် တင်ပြကြမည့် ဖြစ်နိုင်ချေရှိသည့် အထောက်အထားများဖြင့် ဖြေရှင်းတုံ့ပြန်မှုများပြုလုပ်ခြင်းကို လေ့လာနိုင်ရန်အတွက် စောင့်မျှော်လျက်ရှိပါသည်။ ရရှိထားသော သတင်းအချက်အလက်များအရ စစ်တပ်က ဤကဲ့သို့သော ကြားဝင်မှုဆောင်ရွက်မှု ပြုလုပ်သည့်အချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာခုံရုံးဖွဲ့ခြင်းများ ပြုလုပ်အံ့ဆဲဆဲဖြစ်ပါသည်။ ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်းသည် အဖက်ဖက်ကယုံကြည်သော အခြေခံကျသည့် အချက်အလက်များ အပေါ်တည်မှီနေသည့် ရွေးကောက်ပွဲဖြစ်စဉ်တိုင်း၏ မရှိမဖြစ်အရေးကြီးသော အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။

သို့ဖြစ်ပါ၍ တပ်မတော်သည် ၎င်း၏အာဏာသိမ်းရန်ကြိုးပမ်းမှုကို နောက်ဆုတ်ရန်နှင့် ယင်းလုပ်ဆောင်မှုအစား ရွေးကောက်ပွဲအငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကတဆင့် ငြိမ်းချမ်းစွာနှင့် ပွင့်လင်းမြင်သာစွာ ဖြေရှင်းပါဝင်ရမည်ဖြစ်ပါသည်။ အလုံးစုံပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းသည် ရှည်လျားပြီး ခက်ခဲကြမ်းတမ်းပါသည်။

သို့သော်လည်း ဆက်စပ်ပတ်သက်သူများအားလုံးအနေဖြင့် ဒီမိုကရေစီစံနှုန်းများကို စိတ်အားထက်သန်စွာ ကာကွယ်ခြင်းနှင့် အားပေးထောက်ခံကြခြင်းမှာ အရေးကြီးလှပါသည်။ ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီးဖြစ်ရပ်များ ထပ်မံဖြစ်နေခြင်းသည် အာဏာရှင်စနစ်ကို လုံးလုံးလျားလျား ပြန်လည်ဦးလှည့်နေကြောင်း သိသာထင်ရှားစေသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံက ပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ထိုကဲ့သို့သောအခြေအနေကို လက်ခံမည်မဟုတ်ပါ။

ပါဝင်လက်မှတ်ရေးထိုးသူများ

1. Asian Network for Free Elections (ANFREL)
2. Association for Elections and Democracy (PERLUDEM), Indonesia
3. Cambodian Human Rights Action Coalition (CHRAC)
4. Cambodian Human Rights and Development Association (ADHOC)
5. Cambodian Institute for Democracy (CID)
6. Cambodian League for the Promotion and Defense of Human Rights (LICADHO)
7. Center for Alliance of Labor and Human Rights (CENTRAL), Cambodia
8. Centre for Monitoring Election Violence (CMEV), Sri Lanka
9. Centre for Policy Alternatives (CPA), Sri Lanka
10. Citizen Congress Watch (CCW), Taiwan
11. Civil Network OPORA, Ukraine
12. Coalition for Clean and Fair Elections (Bersih 2.0), Malaysia
13. Coalition of Cambodian Farmers Community (CCFC)
14. Committee for Free and Fair Elections in Cambodia (COMFREL)
15. East and Horn of Africa Election Observers Network (E-HORN)
16. Elections Observation Group (ELOG), Kenya
17. ENGAGE, Malaysia
18. Free and Fair Election Forum (FEFA), Afghanistan
19. Free and Fair Election Network (FAFEN), Pakistan
20. General Election Observation Committee (GEOC)/Nepal Law Society
21. Global Network of Domestic Election Monitors (GNDEM)
22. Hong Kong Election Observation Project (HKEOP)
23. Independent Democracy of Informal Economy Association (IDEA), Cambodia
24. Independent Election Monitoring Committee (KIPP), Indonesia
25. Jaringan Pendidikan Pemilih untuk Rakyat (JPPR), Indonesia
26. Legal Network for Truthful Elections (LENTE), Philippines
27. MARUAH (Working Group for ASEAN Human Rights Mechanism, Singapore)
28. Movement for Free & Fair Elections (MDDE), Sri Lanka
29. National Citizens' Movement for Free Elections (NAMFREL), Philippines
30. National Election Observation Committee (NEOC), Nepal
31. National Election Watch Sierra Leone (NEWSL)
32. Neutral & Impartial Committee for Free & Fair Elections in Cambodia (NICFEC)
33. Open Forum for Democracy Foundation (P-NET), Thailand
34. People Center for Development and Peace (PDP-Center), Cambodia
35. People's Action for Free and Fair Elections (PAFFREL), Sri Lanka
36. Pusat KOMAS, Malaysia

37. Suara Rakyat Malaysia (SUARAM)
38. Thai Action Committee for Democracy in Burma (TACDB)
39. Tindak Malaysia
40. Transparency International Cambodia
41. Transparency Maldives
42. Transparent Election Foundation of Afghanistan (TEFA)
43. We Watch, Thailand
44. West Africa Election Observers Network (WAEON)
45. Women Caucus for Politics, Timor-Leste
46. Women for Social Progress (WSP), Mongolia
47. Youth Resource Development Program (YRDP), Cambodia